ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဇေယျာသီရိခရိုင်၊ ဇေယျာသီရိမြို့နယ်

# စည်ပင်ကြီးကျေးရွာအုပ်စု၊ ညောင်ပင်ကြီးကျေးရွာ

# ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း

## (Village Development Plan)

## ၂၀၂၄-၂၀၂၅ ခု ဘဏ္ဍာရေးနှစ်

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ

ညောင်ပင်ကြီးကျေးရွာ၊ ဇေယျာသီရိမြို့နယ်

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)

၂၀၂၄ခုနှစ်၊ ဒီဇင်ဘာလ

# မာတိကာ


| စဉ် | အကြောင်းအရာ | |
|---|---|---|
| | **စကားချီး** | ၂ |
| | **ဉ_ယျာဉ်ကျေးရွာ ကျေးရွာသယံဇာတပြမြေပုံ၊ ဖေယျာသီရိမြို့နယ်** | ၃ |
| | | |
| ၁။ | **တည်နေရာနှင့် ပထဝီဝင် အနေအထား** | ၅ |
| ၂။ | **ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ** | ၅ |
| ၃။ | **ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ** | ၅ |
| ၄။ | **စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ** | ၆ |
| | (က) သီးနှံ စိုက်ပျိုးရေး | ၆ |
| | (ခ) မွေးမြူရေးလုပ်ငန်း | ၆ |
| | (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ | ၇ |
| | (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု | ၇ |
| ၅။ | **အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ** | ၇ |
| | (က) ကျေးလက် သယ်ယူပို့ဆောင်ရေး | ၇ |
| | (ခ) ကျေးရွာ မီးလင်းရေး | ၈ |
| | (ဂ) သတင်းနှင့် ဆက်သွယ်ရေး | ၈ |
| ၆။ | **ပညာရေး** | ၈ |
| ၇။ | **ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး** | ၉ |
| ၈။ | **ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | ၉ |
| ၉။ | **ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ** | ၁၀ |
| ၁၀။ | **ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ** | ၁၀ |
| ၁၁။ | **ဦးစားပေးလုပ်ငန်းများစာရင်း** | ၁၁ |
| | | |
| **နောက်ဆက်တွဲ** | | |
| | နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း | ၁၂ |
| | နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ | ၁၃ |
| | **နောက်ဆက်တွဲ** (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား | ၄၉ |
| | နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၁) | ၅၀ |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်မှ ၂၀၂၈-၂၀၂၉ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူထု အများစုပေါင်း ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦး အနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက် ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့်သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူး တင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင် ရွက်ခဲ့ ကြသော်လည်း လူထုအများစနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံး လုပ်နည်းများကိုမသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင်ပေးရုံ သာမက နည်းပေးလမ်းပြကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုး တိုးတက်ရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက် အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှရယူရန် လိုအပ်ကြောင်း ကိုလည်း ကောင်းစွာသိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင် ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက် လာသည့် အခက်အခဲများနှင့်ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရပါမည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ ၊ ဦးစားပေး ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ်ဦးစားပေးစီမံချက်အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှုအခြေပြဇယား စသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။

ဖေဖော်ဝါရီလ၊ ၂၀၂၅ခုနှစ်

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ညောင်ပင်ကြီး**ကျေးရွာ**
ဇေယျာသီရိမြို့နယ်

**ဇေယျာသီရိမြို့နယ်၊ စည်ပင်ကြီးကျေးရွာအုပ်စု၊ ညောင်ပင်ကြီးကျေးရွာ၏ သဘာဝသယံဇာတပြပုံ**



**ဇေယျာသီရိမြို့နယ်၊ စည်ပင်ကြီးကျေးရွာအုပ်စု၊ ညောင်ပင်ကြီးကျေးရွာ၏ ရာသီခွင်ပြပုံ**



**ဖေယျာသီရိမြို့နယ်၊ စည်ပင်ကြီးကျေးရွာအုပ်စု၊ ညောင်ပင်ကြီးကျေးရွာ၏ အဖွဲ့အစည်းများနှင့် ချိတ်ဆက်မှုပြပုံ**




**ဖေယျာသီရိမြို့နယ်၊ စည်ပင်ကြီးကျေးရွာအုပ်စု၊ ညောင်ပင်ကြီးကျေးရွာ၏ ဥစ္စာခနပြပုံ**


[illegible]၊ ညောင်ပင်ကြီးကျေးရွာ
ဥစ္စာဓနအဆင့်သတ်မှတ်ခြင်း

| အကြောင်းအရာ | သတ်မှတ်ချက်များ | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ကြီးသော အိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သော အိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | ၂၀ ဧက အထက် | ၁၀ ဧက အထက် | ၁ ဧက-၁၀ ဧက / မြေယာမဲ့ | မြေယာမဲ့ |
| အိမ်အခြေအနေ | တိုက် / [illegible] | ပျဉ်ထောင် ဓနိမိုး / သွပ်မိုး | သွပ်မိုး / ထရံကာ | သွပ်မိုး / ထရံကာ |
| ကုန်ထုတ်လုပ်မှုနှင့်ဆိုင်သော ပိုင်ဆိုင်မှု | ကား၊ ထော်လာဂျီ / ဆိုင်ကယ် | ထော်လာဂျီ ဆိုင်ကယ် | ဆိုင်ကယ် | စက်ဘီး |
| အဓိကစီးပွားရေးလုပ်ငန်း | အရောင်းအဝယ် | နို့စားမြူရေး | ပန်းရံ၊ လက်သမား | ရက်စား (ကျပန်း) |
| အိမ်ထောင်စု | ၇ | ၈ | ၆၀ | ၂၈ |

## ၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ပြည်ထောင်စုနယ်မြေ၊နေပြည်တော်၊ဇေယျာသီရိခရိုင်၊ဇေယျာသီရိမြို့နယ်၏ မြောက်ဘက်အပိုင်းတွင်တည်ရှိသည့် ကျေးရွာတစ်ရွာဖြစ်ပါသည်။ အရှေ့လောင်ဂျီကျူ (၉၆ ဒီဂရီ ၂၅ မိနစ်)နှင့် မြောက် လတ္တီကျူ (၁၉ ဒီဂရီ ၉၁မိနစ်) ကြားတွင်တည်ရှိပါသည်။ ညောင်ပင်ကြီးကျေးရွာ၏ အရှေ့ဘက်တွင် ပြည်စံအောင်ရပ်ကွက်နှင့်ရန်-မန်းလမ်း ၊ မြောက်ဘက်တွင် ပုပ္ပါးကုန်းရပ်ကွက်၊ အနောက်ဘက်တွင် ဆင်သေချောင်းနှင့် အနောက်တောင်ဘက်ခြမ်းတွင် ဒိုးပင်ခုံကျေးရွာတို့တည်ရှိပါသည်။

## ၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

ဇေယျာသီရိမြို့နယ်၊ ညောင်ပင်ကြီးကျေးရွာ၏ ရာသီဥတုမှာ ယေဘူယျအားဖြင့် အပူပိုင်းမုတ်သုံရာသီဥတုရှိပြီး အမြင့်ဆုံးအပူချိန်မှာ (၃၄ °C)နှင့် အနိမ့်ဆုံးအပူချိန်မှာ (၂၃ °C)ရှိပါသည်။ တစ်နှစ်ပျမ်းမျှမိုးရေချိန်မှာ(၄၀")ခန့်ရှိပါသည်။

## ၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

ဇေယျာသီရိမြို့နယ်၊ **စည်ပင်ကြီးကျေးရွာအုပ်စု၊ ညောင်ပင်ကြီးကျေးရွာ**တွင် အိမ်ထောင်စု (၃၂၃)စုၖ ကျား(၆၄၁)ဦး၊ မ(၆၉၄)ဦး၊ စုစုပေါင်း လူဦးရေ (၁၃၃၅)ဦးရှိပြီး (၁)အိမ်ထောင်လျှင် ပျမ်းမျှ လူဦးရေ(၄)ဦးခန့်နေထိုင်လျက်ရှိပါသည်။ အလုပ်လုပ်နိုင်သည့်အရွယ်လူဦးရေမှာ ကျေးရွာရှိ လူဦးရေ

၏ (၅၄%)ဖြစ်ပြီး လုပ်သားအင်အားရရှိမှုအသင့်အတင့်ရှိပါသည်။၎င်းအလုပ် လုပ်နိုင်သော သူများကို အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှုအတတ်ပညာများ ထောက်ပံ့ပေးခြင်း၊ တစ်နိုင်တစ်ပိုင်လုပ်ငန်း များ ထူထောင်ပေးနိုင်မည်ဆိုပါက ကျေးရွာဖွံ့ဖြိုးရေးအတွက် အလားအလာ ကောင်းများ ရှိပါသည်။ အလုပ်လုပ်နိုင်သောအရွယ်တွင် အမျိုးသားအလုပ်လုပ်နိုင်သောလူဦးရေမှာ အမျိုးသမီးအလုပ်လုပ်နိုင် သော လူဦးရေထက်ပိုမိုများပြားပါသည်။ အသက် (၆၀)နှစ်နှင့်အထက် သက်ကြီးရွယ်အို လူဦးရေမှာ ကျေးရွာရှိလူဦးရေ၏ (၃%)ရှိပြီး ကျန်းမာရေးမှာ အသင့်အတင့် ကောင်းမွန်ကြပါသည်။

## ၄။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ဇေယျာသီရိမြို့နယ်၊ **စည်ပင်ကြီးကျေးရွာအုပ်စု၊ ညောင်ပင်ကြီးကျေးရွာ**တွင် လူမှုရေးအသင်း အဖွဲ့များ ရှိပြီး သက်ဆိုင်ရာ လုပ်ငန်းများအလိုက် တက်ကြွစွာ ဆောင်ရွက်ကြပါသည်။ ကျေးရွာရှိ အရပ်ဘက် လူမှုအဖွဲ့အစည်းများကြား ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုနှင့်သက်ဆိုင်သည့် လုပ်ငန်းများချိတ်ဆက်ဆောင် ရွက်မှုသည်အသင့်အတင့်ကောင်းမွန်သည်ဟုဆိုနိုင်ပါသည်။ကျေးရွာအတွင်းရှိ ပြည်သူများ၏ စည်းလုံး ညီညွတ်မှု၊ ရပ်မိရပ်ဖများ၏ ဩဇာသက်ရောက်မှုများကြောင့် ကျေးရွာအကျိုးအဖွဲ့လိုက် ဆောင်ရွက် မှုများတွင် အောင်မြင်ထိရောက်မှုအသင့်အတင့် ရရှိထားပါသည်။သို့ပါသော်လည်း ကျေးရွာဖွံ့ဖြိုးရေး ဆိုင်ရာစီမံခန့်ခွဲမှုနှင့် ပတ်သက်သော အသိအမြင်ဗဟု သုတများအပိုင်း ( ဥပမာ- အဖွဲ့အစည်းများ ဆိုင်ရာ သဘောတရားများ)တွင် လိုအပ်ချက်များ ရှိနေသေးလျက် ရှိပါသည်။

## ၅။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

### (က) သီးနှံ စိုက်ပျိုးရေး

ဇေယျာသီရိမြို့နယ်၊ **စည်ပင်ကြီးကျေးရွာအုပ်စု၊ ညောင်ပင်ကြီးကျေးရွာ**တွင် လယ်မြေပိုင်ဆိုင်မှုမှာ အလွန်နည်းပါးပါသည်။ကျေးရွာ(၁)ရွာလုံးအနေဖြင့်လယ်/ယာမြေပိုင်ဆိုင်သည့်အိမ် ထောင်စု မှာ ကျေးရွာရှိအိမ်ထောင်စု၏(၇၇%)ရှိပါသည်။ ကျေးရွာတွင် လယ်/ယာမြေ (၂၄၈.၆) ကေရှိပြီး စပါး ၊ ပဲအမျိုးမျိုး နှင့်ပြောင်းစသည့်သီးနှံစိုက်ပျိုးကြပါသည်။ကျေးရွာတွင် စိုက်ပျိုးရေးသွင်းအားစုများ၊ နည်းပညာ ဝန်ဆောင်မှုများ အသင့်အတင့်ရရှိပြီး၊ မိုးရေ ၊ ချောင်းရေ၊မြေအောက်ရေ(သို့)ဆည်ရေဖြင့်စိုက်ပျိုးကြပါသည်။အဟန့်အတားအနေဖြ င့် စိုက်ပျိုးမြေ တိုးချဲ့ရနိုင်ခြေ နည်းပါးခြင်း ၊ အလုပ်သမားစရိတ် ကြီးမြင့်ခြင်း ၊ ဖျက်ပိုး များ ကျရောက်တတ်ခြင်းတို့ဖြစ်ပေါ်လျက်ရှိပါသည်။ သီးနှံအထွက်နှုန်းများ

တွင်ပဲနှင့် ပြောင်းသည် တစ်ဧကအထွက်နှုန်းအများဆုံးဖြစ်ပြီး အခြားသောသီးနှံဖြစ်သည့်စပါး အထွက်နှုန်းမှာလည်း အသင့်အတင့်ရှိပါသည်။ အခြားသောသီးနှံဖြစ်သည့်ပဲမှာရောင်းချ ချိန်တွင်ဈေးကွက်မတည်မငြိမ်ဖြစ်ပေါ်မှုများကြောင့် အကျိုးအမြတ်ရရှိမှုနည်းပါးပါသည်။ အခြေအနေကောင်းတစ်ရပ် အနေဖြင့် စိုက်ပျိုးသီးနှံထုတ်ကုန်များကို ရောင်းချရန် ဈေးကွက် အလုံအလောက်ရှိပါသည်။

**(ခ) မွေးမြူရေးလုပ်ငန်း**

**ဇယား(၈) ညောင်ပင်ကြီးကျေးရွာတွင် တိရိစ္ဆာန်မွေးမြူထားရှိမှုအခြေအနေ**

| စဉ် | ကျေးရွာ | နွား | မြင်း | ဝက် | ဆိတ် | ကြက် | ဘဲ | ကျွဲ | နွားနောက် |
|---|---|---|---|---|---|---|---|---|---|
| ၁ | ညောင်ပင်ကြီး | ၉၃ | | ၂၅ | - | ၃၇၉ | ၄၅ | - | ၁၀ |

ဇေယျာသီရိမြို့နယ်၊ ညောင်ပင်ကြီးကျေးရွာတွင် မွေးမြူရေးလုပ်ငန်းကို တစ်နိုင် တစ်ပိုင် အိမ်တွင်မွေးမြူလျက်ရှိပြီး၊ စီးပွားဖြစ်မွေးမြူထားခြင်းမရှိပါ။ကျေးရွာတွင် နွား၊ဆိတ်၊ ဝက်နှင့် ကြက်စသည့် မွေးမြူရေးလုပ်ငန်းများလုပ်ကိုင်သည့် အိမ်ထောင်စုများ များပြားလှပါသည်။ ကျေးရွာတွင် အိမ်ထောင်စုအားလုံး၏ တစ်ပိုင်တစ်နိုင် နွားမွေးမြူသည့် အိမ်ထောင်စု မှာ(၂၉%) ခန့်နှင့် တစ်ပိုင်တစ်နိုင် ဝက်မွေးမြူသည့် အိမ်ထောင်စုမှာ(၈%)ခန့် ရှိပြီးအခြားသောကြက်မွေးမြူကြပါသည်။မွေးမြူရေးသမားများအနေဖြင့် မွေးမြူရေးလုပ်ငန်းကို တစ်ပိုင်တစ်နိုင် မွေးမြူကြသော်လည်း နွားမွေးမြူ ရေး လုပ်ငန်းများအတွက် စားကျက်မြေအသင့်အတင့်ရှိပါသည်။ သီးနှံများ ရိတ်သိမ်းပြီးချိန်၌ ကောက်ရိုးနှင့်ရိတ်သိမ်းပြီးပဲပင်များကို အခြားကျေးရွာများမှ အနည်းငယ် ဝယ်ယူကာ နွားစာ အဖြစ် ပြန်လည်အသုံးပြုကြပါသည်။မွေးမြူရေးဆိုင်ရာ အသိပညာနှင့် နည်းပညာ ဝန်ဆောင်မှု များ လိုအပ်လျက်ရှိနေကြပါသည်။

**(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ**

ဇေယျာသီရိမြို့နယ်၊ ညောင်ပင်ကြီးကျေးရွာတွင် အိမ်တွင်းမှု ထုတ်ကုန်လုပ်ငန်း များမရှိပါ။ အခြားဝင်ငွေရလုပ်ငန်းများအဖြစ်ဝန်ထမ်းများ ၊ အခြားဒေသများရှိ ထုတ်ကုန်လုပ်ငန်းများတွင် နေ့စားအဖြစ် သွားရောက်လုပ်ကိုင်ရခြင်း၊ ပန်းရံ၊ လက်သမား၊ ဆောက်လုပ်ရေး၊ ကျောက်ခွဲလုပ်ငန်း၊ ယာဉ်မောင်း၊ ဆိုင်ကယ်ကယ်ရီ၊ ဈေးဆိုင်၊ လုပ်ငန်းများကို လုပ်ကိုင် လျက်ရှိကြပါသည်။ အသက်မွေးဝမ်းကျောင်း၊အတတ်ပညာတက်မြောက်မှုနည်းပါးခြင်း၊ရင်းနှီး မြှုပ်နှံမှုမရှိခြင်းကြောင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများလုပ်ကိုင်ရန်အတွက် အခက်အခဲ

များရှိနေကြပါသည်။ကျေးရွာနှင့်မြို့ပေါ်လမ်းပန်း ဆက်သွယ်ရေး ကောင်းမွန်ပြီး၊ လျှပ်စစ်မီးရရှိ သောကြောင့် ထုတ်ကုန်လုပ်ငန်း များထုတ်လုပ်ရန် အခွင့်အလမ်း တစ်ရပ်ပင်ဖြစ်ပါသည်။ နယ်မြေလုံခြုံမှုရှိပြီးလွတ်လပ်စွာသွားလာ ရောင်းဝယ်နိုင် သောကြောင့် လမ်းပန်းဆက်သွယ် ရေးမှာတစ်နှစ်ပတ်လုံး ရာသီမရွေး သွားလာနိုင်ပါသည်။

**(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု**

ဇေယျာသီရိမြို့နယ် ၊ ညောင်ပင်ကြီးကျေးရွာတွင် လယ်ယာမြေပိုင်ဆိုင်သည့် အိမ်ထောင်စု များသာ စိုက်ဘဏ်ချေးငွေများ ရရှိနိုင်ပါသည်။ ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းရှိပြီး အတိုးနှုန်းမှာ(၁ကျပ်)နှုန်းဖြင့်ထုတ်ချေးဆောင်ရွက်လျက်ရှိပါသည်။ထို့ပြင် မိတ်ဆွေနှင့်ဆွေမျိုး များထံမှ ချေးငွေများရှိပြီး၊ အပေါင်ခံပစ္စည်းမလိုအပ်သော်လည်း မြေယာပိုင်ဆိုင်မှု မရှိသည့် အတွက် ယုံကြည်မှုအားနည်းပြီးလူတိုင်းမရနိုင်၊ အလုံအလောက် မရနိုင်ပါ။ ပုဂ္ဂလိက ငွေတိုး ချေးစားသူများနှင့်အပေါင်ဆိုင်များမှလည်း ကာလတိုချေးငွေများကို တစ်လလျှင်အတိုး နှုန်း (၅%)မှ(၁၀%)ဖြင့်ချေးယူနိုင်ကြသည်။ ကျေးရွာတွင် တစ်လလျှင်အတိုးနှုန်း(၁၀%)အထက်ဖြင့် ချေးယူကြရခြင်းများလည်း ရှိကြပါသည်။

**၆။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ**

**(က) ကျေးလက် သယ်ယူပို့ဆောင်ရေး**

ဇေယျာသီရိမြို့နယ်၊ ညောင်ပင်ကြီးကျေးရွာတွင် လယ်ယာထွက်ကုန်များ ထုတ်လုပ်နိုင်ပါက ကျေးရွာနှင့်(၁)မိုင်ခန့်ဝေးသော သိုက်ချောင်းဈေးရှိပြီးဈေးကွက်အလုံလောက်မှု အသင့်အတင့် သာရှိပါသည်။ ကုန်စိမ်းနှင့်သားငါးများကို(၃)မိုင်ခန့်ဝေးသော ရေဆင်းဈေးတွင် အလွယ်တကူ ဝယ်ယူနိုင်ပြီး၊ အခြားသော လူသုံး ကုန်ပစ္စည်းများအား ဆိုင်ကယ်ဖြင့်သော်လည်းကောင်း၊ သုံးဘီးဆိုင်ကယ်၊ကားများဖြင့်သော်လည်းကောင်း သယ်ယူပို့ဆောင်လျှက်ရှိပါသည်။ကျေးရွာ တွင် အသုံးပြုမှုအများဆုံး သယ်ယူ ပို့ဆောင်ရေးယာဉ်များမှာ စက်ဘီး၊ ဆိုင်ကယ်၊ သုံးဘီး ဆိုင်ကယ်၊ ထော်လာဂျီနှင့် ကားများကို အသုံးပြုကြပါသည်။ကျေးရွာသည်ရန်ကုန်-မန္တလေး လမ်းဟောင်းနှင့်နီးပြီး လမ်းပန်းဆက်သွယ်ရေးအနေဖြင့်ကောင်းမွန်ပါသည်။ ကျေးရွာရှိရွာတွင်း လမ်းများ၏စုစုပေါင်းအရှည်မှာ(၂)မိုင်ခန့် ရှည်လျားပြီး

မြေသားလမ်းများဖြစ်၍ မိုးရာသီအချိန် တွင် အချို့သော ရွာတွင်းလမ်းများမှာ သွားရေးလာရေး ခက်ခဲလျှက်ရှိပါသည်။

**(ခ) လျှပ်စစ်စွမ်းအားဆိုင်ရာ အခြေခံအဆောက်အဦး**

ဇေယျာသီရိမြို့နယ်၊ ညောင်ပင်ကြီးကျေးရွာတွင် မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီး အသုံးပြု နေကြသည့်အိမ်ထောင်စုမှာ(၈၅%)ရှိပြီး၊ လျှပ်စစ်မီးအသုံးမပြုနိုင်သေးသောအိမ်ထောင်စုမှာ (၅%)ရှိပါသည်။မဟာဓါတ်အားလိုင်း၏ပြုပြင်ထိန်းသိမ်းမှုစနစ်မှာလည်း ကောင်းမွန်ပါသည်။

**(ဂ) ဆက်သွယ်ရေး၊ သတင်းနှင့် နည်းပညာဆိုင်ရာ အခြေခံအဆောက်အဦး**

ဇေယျာသီရိမြို့နယ်၊ ညောင်ပင်ကြီးကျေးရွာတွင် ဆက်သွယ်ရေး ၊ သတင်းအချက် အလက်နည်းပညာနှင့်ပတ်သက်၍ အိမ်တိုင်းနည်းပါး တယ်လီဖုန်း၊ Radio, TV, စလေဝင်းများ အများ အပြားအသုံးပြုလျက်ရှိပါသည်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ပြီး ကျေးရွာ အနီးပတ်ဝန်းကျင်တွင် သက်ဆိုင်ရာ ဆက်သွယ်ရေးတာဝါတိုင်များ တည်ရှိသဖြင့် ကျေးရွာသူ /သား များမှာ ကြိုးမဲ့ဆက်သွယ်ရေး ဆင်းကဒ်များဖြစ်သော MPT, Ooredoo, Mytel, Atom (၄)မျိုးစလုံးအသုံးပြုနိုင်ပြီး စီးပွားရေးအနေဖြင့် ဈေးကွက်များနှင့်သတင်းအချက်အလက် များအား အချိန်နှင့်တပြေးညီ ရယူနိုင်သည့်အပြင် ဆက်သွယ်ရေးဆိုင်ရာ ဗဟုသုတ များနှင့် နည်းပညာဆိုင်ရာ အချက်အလက်များကိုလည်း လျင်မြန်လွယ်ကူစွာ ရရှိ နိုင်ပါ သည်။

**၆။ ပညာရေး**

ဇေယျာသီရိမြို့နယ်၊ညောင်ပင်ကြီးကျေးရွာတွင်စာသင်ကျောင်းမရှိပါ။ကျေးရွာရှိကလေး အများစုမှာ ပြည်စံအောင်(အထက)ကျောင်းတွင် တက်ရောက်ကြပါသည်။ကျောင်းအာဟာရတိုက်ကျွေးမှုအစီအစဉ် မှာလည်းနည်းပါးပါသည်။ မူလတန်းကျောင်းတက်ရောက်သူ(၁၂၇)ဦး ၊ အလယ်တန်းတက်ရောက်သူ (၁၀၇)ဦး၊ အထက်တန်းတက်ရောက်သူ(၆၉)ဦးနှင့်တက္ကသိုလ်/ကောလိပ်တက်ရောက်နေသူ(၄၆)ဦး ရှိပါ သည်။အတန်းပညာပြီးမြောက်မှုများတွင် ဘွဲ့ရလူငယ်အရေအတွက်မှာ(၁၅%)ရှိသော်လည်းအလုပ်လုပ် နိုင်သည့်အရွယ်များသောကြောင့် လုပ်ငန်းခွင်ဝင်နိုင်သည့် လူသားအရင်းအမြစ်တစ်ရပ်ပင်ဖြစ်ပါသည်။ လူငယ်များမှာ

အလုပ်အကိုင်ရှားပါးမှုနှင့် အသက်မွေးဝမ်းကျောင်းနည်းပညာအားနည်းခြင်းများကြောင့် သင်တန်းများပို့ချပေးပြီး လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သော ရင်းနှီးငွေ/ ချေးငွေများပံ့ပိုး ပေးပြီး နောက် လုပ်ငန်းများ ဖွင့်လှစ်ဆောင်ရွက်ပါက ဝင်ငွေ အသင့်အတင့် ရလာနိုင် မည်ဖြစ်ပါသည်။

## ၇။ ကျန်းမာရေး

### (က) ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာဝန်ဆောင်မှု ရရှိမှုအခြေအနေ

ဇေယျာသီရိမြို့နယ်၊ညောင်ပင်ကြီးကျေးရွာတွင်ကျေးလက်ကျန်းမာရေးဌာနခွဲမရှိပါ။ ကျေးလက် ပြည်သူများအကြားဝမ်းပျက်ဝမ်းလျှောနှင့်ရာသီတုတ်ကွေးရောဂါများသည်ရာသီအလိုက် ဖြစ်ပွားမှုအနည်းငယ်ရှိပါသည်။ ဆီးချိုနှင့်သွေးတိုးရောဂါများမှာ ကျေးရွာတွင် ဖြစ်ပွားမှု မြင့်နေသောကြောင့် ဖြစ်ပွားရသောအကြောင်းအရင်းများကိုဖော်ထုတ်ဖယ်ရှားပေးခြင်း၊ ကျန်းမာရေး အသိပညာပေးခြင်းတို့ကို ဆောင်ရွက်ပေးသင့် ပါသည်။

### (ခ) သောက်သုံးရေရရှိမှုနှင့် သန့်ရှင်းရေး

ဇေယျာသီရိမြို့နယ်၊ ညောင်ပင်ကြီးကျေးရွာတွင် ရေတွင်းနှင့်အဝီစိ စက်တပ်တွင်း အလွန် နည်းပါးပြီးသောက်သုံးရေအတွက်ရှားပါးပါသည်။တစ်ရွာလုံးအနေဖြင့်ရေတွင်း(၂)တွင်နှ င့် ကျေးလက်ဦးစီးဌာနမှတွင်းနက်(၁)တွင်းသာရှိပါသည်။ရေတွင်းတူးဖော်ရန်အတွက်လ ည်း ကျေးရွာ၏မြေဆီလွှာအနေအထားမှာ အောက်ခံကျောက်သားပြင်များခံနေသောကြောင့် တူးဖော်ရန်ခက်ခဲပါသည်။ပတ်ဝန်းကျင်သန့်ရှင်းရေးအပိုင်းတွင်ကျေးလက်ဒေသ၏ယင် လုံ အိမ်သာသုံးစွဲမှုမှာ(၁၀၀%)နီးပါးရှိပါသည်။တစ်ကိုယ်ရည်သန့်ရှင်းရေးဆိုင်ရာကျန်းမာ ရေး အသိပညာပေးမှုမှာလည်း အသင့်အတင့်ရှိပါသည်။

## ၈။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ပြုစုခြင်း

### (က) ပတ်ဝန်းကျင်နှင့် သဘာဝသယံဇာတများ ထိန်းသိမ်းကာကွယ်ခြင်း

ဇေယျာသီရိမြို့နယ်၊ ညောင်ပင်ကြီးကျေးရွာတွင် မြေဆီလွှာအနေအထားမှာ သဲဆန်ပြီး အများအပြားမှာမြေသားအမျိုးအစားဖြစ်ပါသည်။စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုတွင်လည်း

ပလပ်စတစ် အိပ်ခွံ၊ ဘူးခွံများကို စနစ်တကျမစွန့်ပစ်ကြသဖြင့် အန္တရာယ်ရှိမှု မြင့်မားသည်။သဘာ၀ပတ်၀န်းကျင်ဆိုင်ရာအသိပညာပေးလုပ်ငန်းများဖြင့်တင် ဆောင်ရွက်ပေးသင့်ပါသည်။ရေအရင်းအမြစ်အနေဖြင့်လည်း မိုးရေကိုသာ အားကိုးနေရပြီး မြေအောက်ရေတူးဖော်ရန်လည်း မြေအောက်တွင် ကျောက်သားပြင်များခံနေ သောကြောင့်တူးဖော်ရန်ခက်ခဲပါသည်။ရေတွင်းတူးဖော်ရရှိပါက ရေချိုရရှိနိုင်ပါသည်။ ငါးမျိုးကွဲများ၊ ရှားပါးတိရိစ္ဆာန်များ မရှိပါ။ အခါအားလျော်စွာ မိုးခေါင်ခြင်းက သဘာ၀ ဘေးအန္တရာယ်တစ်ရပ်အနေဖြင့် ရှိနေဆဲ ဖြစ်ပါသည်။

**(ခ) သဘာ၀ဘေးအန္တရာယ်များ စီမံခန့်ခွဲခြင်း**

ဇေယျာသီရိမြို့နယ်၊ ညောင်ပင်ကြီးကျေးရွာသည် မြန်မာနိုင်ငံ၏ ကုန်းတွင်းပိုင်းကျရောက်သော ကျေးရွာဖြစ်သည့်အလျှောက် မုန်တိုင်းဖြစ်ပေါ်ခြင်း၊ အအေးလွန်ကဲခြင်း၊ မီးဘေးအန္တရာယ်ကျရောက်ခြင်းများ မရှိပါ။ မကြာခဏလျှင်ငယ်များ လှုပ်ခတ်မှု ရှိပါသော်လည်း ပျက်ဆီးဆုံးရှုံးမှုမရှိပါ။ လူထုအခြေပြု သဘာ၀ဘေးအန္တရာယ် လျှော့ချရေး အစီအစဉ်များ ဆောင်ရွက်နိုင်မှုမရှိသေးပါ။ကျေးရွာသည် တရားဥပဒေစိုးမိုးမှုရှိပြီး တည်ငြိမ်အေးချမ်းမှု ရှိသောကြောင့် ကုန်စည်ကူးသန်းရောင်း၀ယ်မှုမှာ အဆင်ပြေ ချောမွေ့လျက်ရှိပါသည်။မူခင်းများကာကွယ်တာဆီးရေးအတွက် မြန်မာရဲတပ်ဖွဲ့မှအခါအားလျော်စွာမှုခင်းကျဆင်းရေး ပညာပေးဟောပြောပွဲအား (၁)နှစ် (၁)ကြိမ်ဟောပြောပြုလုပ်ပေးလျက်ရှိပါသည်။

## ၉။ ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ

ဇေယျာသီရိမြို့နယ်၊ ညောင်ပင်ကြီးကျေးရွာတွင် မိဘများသည် သားသမီးများကို ပညာသင်ကြားမှု အပိုင်းတွင် ကျားဖြစ်ခြင်း မဖြစ်ခြင်းအပေါ် ခွဲခြားသတ်မှတ်ခြင်းမရှိဘဲ တန်းတူပညာသင်ကြား ခွင့်ရှိကြပါသည်။မိသားစုစားဝတ်နေရေး အခြေအနေအလိုက်သာ ပညာသင်ကြားခွင့်ကိုသက်ရောက် မှုရှိစေနိုင်သည်။ နေ့စားလုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်းများတွင် ကျားမတန်းတူ အခွင့်အရေး ရရှိပါသော်လည်း နေ့စားလုပ်အားခ သတ်မှတ်ရာတွင် အမျိုးသမီးများမှာ အမျိုးသား များထက် လုပ်အားခရရှိမှု ပိုနည်းသည်ကို တွေ့ရှိရပါသည်။ လူမှုအဖွဲ့အစည်းအတွင်း အိမ်တွင်း အကြမ်းဖက်မှုနှင့် ကျားမခွဲခြားဆက်ဆံမှုတို့မှာ အများအားဖြင့် နည်းပါးသည်။ ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းနှင့် ကျေးရွာ သာရေး နာရေးကိစ္စရပ်များတွင် အမျိုးသမီးများ တက်တက်ကြွကြွပါ၀င် လုပ်ဆောင်ကြသော်လည်း အိမ်မှုကိစ္စများကို ဦးစားပေးဆောင်ရွက်မှုများကြသဖြင့် ကျေးရွာ အုပ်ချုပ်ရေး အပိုင်းတွင်မူ အမျိုးသမီးများ၏ ပူးပေါင်းပါ၀င်မှု

အားနည်းသော်လည်း ကျေးရွာဖွံ့ဖြိုးမှု သင်တန်းတက်ရောက်ရန် အမျိုးသား၊ အမျိုးသမီးတို့အကြား တန်းတူ အခွင့်အရေးပေးပြီး ဖိတ်ကြား ခဲ့သော်လည်း သင်တန်း တွင်အမျိုးသမီးပါဝင်မှုနှုန်းမှာ(၂%)သာရှိပါသည်။ ကျေးလက်နေလူထု၏ အလုပ်လုပ်နိုင်သောအင်အား ထက်ပတ်ဝန်းကျင်မှာ အမျိုးသမီးများဖြစ်ကြပြီး၊ ထိုအမျိုးသမီးထု၏ စွမ်းပကားကိုလေ့ကျင့် တိုးမြှင့် ပေးခြင်းဖြင့်ကျေးရွာဖွံ့ဖြိုးရေးကဏ္ဍအတွက် အထောက်အပံ့ ဖြစ်စေပါမည်။ ကျား/မဆိုင်ရာ တန်းတူ ညီမျှမှု ကိစ္စရပ်များအတွက် မိသားစုနှင့် ကျေးလက်လူထုအတွင်း အသိပညာပေးခြင်းများ တိုးမြှင့် ဆောင်ရွက်ပေးသင့်ပါသည်။ ထိုမှသာ ကျားမတန်းတူ ညီမျှမှုနှင့် ကျေးရွာ ဖွံ့ဖြိုးရေးတို့အတွက် အထောက်အပံ့ဖြစ်စေနိုင်ပါသည်။

**၁၀။ ဦးစားပေး စီမံချက် လုပ်ငန်းများဇယား**

**နောက်ဆက်တွဲများ**

**နောက်ဆက်တွဲ ၁။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီစာရင်း**

**နောက်ဆက်တွဲ ၂။ ဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ**

**နောက်ဆက်တွဲ ၃။ ဖွံ့ဖြိုးရေး ဗျူဟာတည်ဆောက်မှု ဇယား**

**နောက်ဆက်တွဲ ၄။ စီမံချက်အဆိုပြုလွှာများ**

# ညောင်ပင်ကြီးကျေးရွာဦးစားပေးလုပ်ငန်းများ

| စဉ် | လုပ်ငန်းအမည် | ဦးစားပေးအဆင့် | မှတ်ချက် |
|---|---|---|---|
| ၁။ | ရွာတွင်းလမ်းသွယ်ရိုစာခင်းခြင်း | ဦးစားပေး -၁ | |
| ၂။ | ဘက်စုံသုံးခန်းမတည်ဆောက်ခြင်း | ဦးစားပေး -၂ | |
| ၃။ | ရေပိုက်လိုင်းသွယ်တန်းခြင်း | ဦးစားပေး -၃ | |
| ၄။ | ရွာလယ်လမ်းရိုစာခင်းခြင်း | ဦးစားပေး -၄ | |
| ၅။ | ကျေးရွာချင်းဆက်လမ်းကွန်ကရစ်ခင်းခြင်း | ဦးစားပေး -၅ | |

## ညောင်ပင်ကြီးကျေးရွာ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီစာရင်း

| စဉ် | အမည် | အဘအမည် | နိုင်ငံသားစီစစ်ရေးကဒ်ပြားအမှတ် | အသက် | ပညာအ ရည် အချင်း | တာဝန် | ဆက်သွယ်ရမည့်ဖုန်းနံပါတ် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| ၁ | ဦးအောင်ကြည်ငွေ | ဦးတင်မောင် | ၉/ပမန(နိုင်)၁၇၄၈၇၉ | ၅၆ | ၇တန်း | ဥက္ကဌ | ၀၉-၄၂၀၇၇၂၀၈၁ | |
| ၂ | ဦးဇော်မင်းခိုင် | ဦးအုန်းဆိုင် | ၉/ ဇယသ (နိုင်)၀၁၃၆၉၂ | ၅၀ | ၇တန်း | အတွင်းရေးမှူး | ၀၉-၇၉၇၇၀၆၃၉၀ | |
| ၃ | ဦးမြင့်လွင် | ဦးညို | ၉/ပမန(နိုင်)၂၀၁၁၇၀ | ၅၆ | ၇တန်း | ဥက္ကဌ(ဝယ်ယူရေး) | - | |
| ၄ | ဒေါ်ငွေငွေဝင်း | ဦးထွန်းဝေ | ၉/ပမန(နိုင်)၀၇၄၇၄၉ | ၅၇ | ၈တန်း | ဘဏ္ဍာရေးမှူး | ၀၉-၂၅၀၉၅၉၃၇၄ | |
| ၅ | ဒေါ်ဝါဝါလှိုင် | ဦးမြင့်သိန်း | ၉/ပမန(နိုင်)၀၇၄၀၇၀ | ၃၄ | 2nd(Geo) | စာရင်းကိုင် | ၀၉-၇၇၆၉၃၉၆၂၀ | |
| ၆ | ဦးနန်းဦး | ဦးသံချောင်း | ၉/ပမန(နိုင်)၂၅၄၆၉၃ | ၃၅ | ၁၀တန်း | အဖွဲ့ဝင် | - | |
| ၇ | ဒေါ်ပြည့်ပြည့်ဝင်း | ဦးထွန်းဝင်း | ၉/ဇယသ(နိုင်)၀၂၀၆၉၇ | ၂၂ | ၁၀တန်း | အဖွဲ့ဝင် | - | |

နောက်ဆက်တွဲ

**ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ**

**(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ**

**(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

**ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၃ | ၇ | ၁၀ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅ နှစ်အောက်ကလေးငယ် | ၄၂ | ၃၆ | ၇၈ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၅၂ | ၅၆ | ၁၀၈ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၅၄ | ၅၀ | ၁၀၄ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၄၇၇ | ၅၁၂ | ၉၈၉ |
| ၆၅ နှစ် အထက် | သက်ကြီးရွယ်ကြီး | ၁၃ | ၃၃ | ၄၆ |
| **စုစုပေါင်း** | | **၆၄၁** | **၆၉၄** | **၁၃၃၅** |
| **စုစုပေါင်း အိမ်ထောင်စု** | | **၃၂၃ အိမ်** | | |

**ရင်းမြစ်...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ (၃) ဆယ်အိမ်စုဆွေးနွေးပွဲ။**

**လေ့လာတွေ့ရှိချက်။** ။ ညောင်ပင်ကြီးကျေးရွာတွင် လူဦးရေအနေဖြင့် အိမ်ထောင်စုပေါင်း **(၃၂၃) စု**ရှိပြီး ကျား **(၆၄၁)** ဦး၊ မ **(၆၉၄)** ဦးဖြင့် လူဦးရေပေါင်း **(၁၃၃၅)ယောက်**ရှိပါသည်။ ကျေးရွာတွင် ဗမာလူမျိုးအများဆုံးနေထိုင်ပြီး ဗုဒ္ဓဘာသာကိုးကွယ်ကြသည်။ အလုပ်လုပ်နိုင်သော အရွယ်ရှိ အမျိုးသားနှင့် အမျိုးသမီးဦးရေတို့သည် ပျမ်းမျှရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

**(ခ) အလုပ်လုပ်နိုင်သူ အင်အား**

**(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

**ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

| **စဉ်** | **လုပ်ငန်းများ** | **အဓိက အလုပ်အကိုင်** | | **အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)** | **ရပ်တည်နိုင်မှု** (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|
| | | **အိမ်ထောင်စု** | **မိသားစုဝင် လုပ်အား** | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | |
| **၁** | **လယ်ယာစိုက်ပျိုးရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၃၀ | ၁၅ | | မြင့် ☐ လတ်✓ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁၀၀ | ၈၅ | | မြင့် ☐ လတ်☐ နိမ့် ✓ |
| **၂** | **တိရစ္ဆာန် မွေးမြူရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| ၄ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၆ | **သစ်တောလုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁၅ | ၂ | - | မြင့် ☐ လတ် ✓ နိမ့် ☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် |
| | အလုပ်သမား / ဝန်ထမ်း | ၃ | - | ၂ | မြင့်☐ လတ် ✓ နိမ့် ☐ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၁ | **လက်လီ- လက်ကား ရောင်းဝယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၃၁ | ၃၁ | - | မြင့် ☐ လတ် ✓ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၄ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၆ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁၃ | ၂၃ | - | မြင့် ☐ လတ်✓၈ နိမ့် ☐ |
| ၁၇ | **ပညာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၈ | **ကျန်းမာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | ၂၀၈ | ၁၃၉ | - | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁၀ | ၈ | - | မြင့် ☐ လတ်✓ နိမ့် ☐ |
| | **စုစုပေါင်း** | **၄၁၀** | **၃၀၃** | **-** | ☒ |

**ရင်းမြစ်** ... (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**လေ့လာတွေ့ရှိချက်။** ။ ညောင်ပင်ကြီးကျေးရွာတွင် **စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ကိုင်သူများမှာနည်းပြီး**

**အရောင်းအဝယ်လုပ်ကိုင်သူနှင့်**ကျပန်းလုပ်ကိုင်သူများပြီး၊ဝန်ထမ်းလုပ်ကိုင်သူများလည်း အနည်းငယ်တွေ့ရှိရပါသည်။ လုပ်သားအင်အား ရရှိမှုအနေဖြင့်သင့်တင့်ပါသည်။

**(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

**ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၁၀၀၀၀ | ၇၀၀၀ | ၆၀၀၀ | ၅၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | | | | |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း) | နေ့စား | - | - | - | - |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | - | - | - | - |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | - | - | - | - |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၁၂၀၀၀ | ၉၀၀၀ | ၁၀၀၀၀ | ၇၀၀၀ |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | - | - | - | - |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | - | - | - | - |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | - | - | - | - |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | နေ့စား | - | - | - | - |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ ညောင်ပင်ကြီးကျေးရွာတွင်နေ့စားလုပ်ကိုင်ကြသော လုပ်ငန်းအမျိုးအစား (၂)

မျိုးရှိပြီး၊ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတွင် အမျိုးသားများ၏ အများဆုံးလုပ်အားခ (၁) ရက်ဝင်ငွေမှာ **(၁၀၀၀၀)** ကျပ်နှင့် အနည်းဆုံးလုပ်အားခမှာ **(၆၀၀၀)** ကျပ်ဖြစ်ပြီး၊ အမျိုးသမီးများ၏ အများဆုံးလုပ်အားခမှာ **(၇၀၀၀)** ကျပ်နှင့် အနည်းဆုံးလုပ်အားခ **(၅၀၀၀)** ကျပ်တို့ဖြစ်ကြောင်းလေ့လာတွေ့ရှိရပါသည်။ လက်သမား ပန်းရံ လုပ်ငန်းတွင် အမျိုးသားများ၏ အများဆုံးလုပ်အားခ **(၁)** ရက်ဝင်ငွေမှာ **(**၁၂၀၀၀**)** ကျပ်နှင့် အနည်းဆုံးလုပ်အားခမှာ **(၁၀၀၀၀)** ကျပ်ဖြစ်ပြီး၊ အမျိုးသမီးများ၏ အများဆုံးလုပ်အားခမှာ **(၉၀၀၀)** ကျပ်နှင့် အနည်းဆုံးလုပ်အားခ **(၇၀၀၀)** ကျပ်တို့ဖြစ်ကြောင်းလေ့လာတွေ့ရှိရပါသည်။

**(ဂ)      သဘာဝရင်းမြစ်များ**

**(ဂ-၁)    စိုက်ပျိုးနိုင်သော မြေဧရိယာ**

**ဇယား** (၄) **ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု**

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| **လယ်မြေ** | **၁၃၆.၉** | ကောင်း ☐ သင့် ✓ ညံ့ ☐ |
| **ယာမြေ / တောင်ယာမြေ** | ၁၁၁.၇ | ကောင်း ☐ သင့် ✓ ညံ့ ☐ |
| **ဥယျာဉ်ခြံမြေ** | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **ကိုင်း/ကျွန်းမြေ** | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **ဓနိတောမြေ** | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **စားကျက်မြေ** | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **မြေလွတ် မြေလပ်** | – | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| **စုစုပေါင်း** | **၂၄၈.၆** | ☒ |

**ရင်းမြစ်** ... (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ဦးတည်အုပ်စု ဆွေးနွေးခြင်း** - **လယ်သမား အုပ်စု၊** (၃) **လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊** (၄) **ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**လေ့လာတွေ့ရှိချက်။ ။** ညောင်ပင်ကြီးကျေးရွာတွင် စိုက်ပျိုးမြေပိုင်ဆိုင်မှုစုစုပေါင်း **(၂၄၈.၆)** ဧကတွင် လယ်မြေ (၁၃၆.၉)ဧကနှင့်ယာမြေ(၁၁၁.၇)ဧကဖြစ်ပြီး မြေဆီလွှာအရည်အသွေး အသင့်အတင့် ကောင်းမွန်ကြောင်း တွေ့ရှိရပါသည်။ ကျေးရွာတွင် မြေလွတ်မြေရိုင်းများ မရှိပါ။

(ဂ-၂)   **ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ**

**ဇယား** (၅) **ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ**

| အမျိုးအစား | ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | လွန်ခဲ့သော(၁၀)နှစ် ကအခြေအနေ (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|---|
| **သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ခဲတင်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)** | များ ☐ သင့်☐ နည်း ☐ မရှိ ✓ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး☐ အပြောင်းအလဲမရှိပါ ✓ |
| **ကျောက်၊ သဲ✓၊ ကျောက်စရစ် စသည်များ** | များ ☐ သင့် ✓ နည်း ☐ မရှိ ☐ | လွယ် ✓ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး✓ အပြောင်းအလဲမရှိပါ ☐ |
| **သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)** | များ ☐ သင့် ✓ နည်း ☐ မရှိ ☐ | လွယ် ✓ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ✓ တိုး☐ အပြောင်းအလဲမရှိပါ ☐ |
| **သဘာဝ တိရစ္ဆာန်မျိုးစိတ်များ** | များ ☐ သင့်☐ နည်း ✓ မရှိ ☐ | ☒ | လျော့ ☐ တိုး☐ အပြောင်းအလဲမရှိပါ ✓ |
| **ရေ-မြေပေါ်ရေ** (**အင်းအိုင်၊ ကန်၊ ချောင်း၊မြစ်၊ စိမ့်စမ်း**) | များ ☐ သင့်☐ နည်း ✓ မရှိ ☐ | လွယ် ☐ ခက်✓ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐တိုး☐ အပြောင်းအလဲမရှိပါ ✓ |
| **ရေ-မြေအောက်ရေ** (**တွင်းတိမ်၊ တွင်းနက်၊ လက်တူတွင်းများ**) | များ ☐ သင့်✓ နည်း ☐ မရှိ ☐ | လွယ် ☐ ခက်✓ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး☐ အပြောင်းအလဲမရှိပါ ✓ |
| **သစ်တော- အပူပိုင်းသစ်တော** | များ ☐ သင့်☐ နည်း ☐ မရှိ ✓ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ✓ | လျော့ ☐ တိုး☐ အပြောင်းအလဲမရှိပါ ✓ |
| **သစ်တော- ဒီရေတောများ** | များ ☐ သင့်☐ နည်း ☐ မရှိ ✓ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ✓ | လျော့ ☐ တိုး☐ အပြောင်းအလဲမရှိပါ ✓ |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။**

**လေ့လာတွေ့ရှိချက်။** ။ညောင်ပင်ကြီးကျေးရွာတွင် ဓါတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ မရှိပါ။

**(ဃ) ဥတုစာခနအဆင့် အခြေအနေ**

**ဇယား (၆) ဥတုစာခနအဆင့် အခြေအနေ**

| **အကြောင်း အရာ** | **သတ်မှတ်စံနှုန်း** |
|---|---|

| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိ သောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည် သောအိမ်ထောင်စု |
|---|---|---|---|---|
| မြေယာပိုင်ဆိုင်မှု | ၂ ဧကအထက် | ၁ ဧကအထက် | မြေယာမဲ့ | မြေယာမဲ့ |
| အိမ်အခြေအနေ | အုတ်၊ ဘိလပ်မြေ | ပျဉ်ထောင်အိမ် | ပျဉ်ခင်း၊ ထရံ | ဝါး၊ ထရံ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | ကား/ ရေစုပ်စက်(နည်း) | ကား(နည်း) | ဆိုင်ကယ် (နည်း) | - |
| အဓိကစီးပွားရေး လုပ်ငန်း | စပါး၊ ပဲ၊ | စပါး၊ ပဲ၊ | ပန်းရံလက်သမား (ဝင်ငွေနည်း) | နေ့စား (ဝင်ငွေအလွန်နည်း) |
| အိမ်ထောင်စု | ၁၀ | ၂၅ | ၅၃ | ၁၅ |

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက်။** ။ ညောင်ပင်ကြီးကျေးရွာ၏ ဥစ္စာဓနသတ်မှတ်ရာတွင် အဆင်ပြေသော အိမ်ထောင်စုမှာ **(၁၀)** ရာခိုင်နှုန်း၊ အလယ်အလတ်ရှိသော အိမ်ထောင်စုမှာ **(၂၄)** ရာခိုင်နှုန်း၊ မပြေလည်သော အိမ်ထောင်စုမှာ **(၅၁)** ရာခိုင်နှုန်းနှင့် အလွန်မပြေလည်သောအိမ်ထောင်စုမှာ **(၁၅)** ရာခိုင်နှုန်းဖြစ်ကြောင်း တွေ့ရှိရပါသည်။ အလွန်မပြေလည်သောအိမ်ထောင်စုမှာ မြေယာပိုင်ဆိုင်မှုမရှိသောကြောင့် မိသားစု စားဝတ်နေရေးအတွက် ကျပန်းလုပ်ငန်းများ လုပ်ကိုင်နေကြပါသည်။ ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်ရန် အတတ်ပညာများ တက်ရောက်မှုနည်းပါးခြင်း သည် အဓိကအခက်အခဲများ ဖြစ်ကြသည်။

**(င) ထိခိုက်လွယ်မှု**

**(င-၁) ဝမ်းစာ ဖူလုံမှု**

**ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓန အဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)**

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | အမျိုးသမီး ဦးဆောင်သည့် အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|---|
| ၃ လအောက် ဝမ်းစာဖူလုံမှု | ၂၀ စု | ၁၀ | အခြားအစာပြောင်းလဲစား = ____________<br>အစာလျှော့စား = ____________<br>အထောက်အပံ့ယူ = ____________<br>ချေးယူ = _____✓____<br>လုပ်အားခကြိုယူ = _____✓____ |

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | အမျိုးသမီး ဦးဆောင်သည့် အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|---|
| ၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု | - | | အခြားအစာပြောင်းလဲစား = ___________<br>အစာလျှော့စား = ___________<br>အထောက်အပံ့ယူ = ___________<br>ချေးယူ = ___________<br>လုပ်အားခကြိုယူ = ___________ |
| ၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု | - | | အခြားအစာပြောင်းလဲစား = ___________<br>အစာလျှော့စား = ___________<br>အထောက်အပံ့ယူ = ___________<br>ချေးယူ = ___________<br>လုပ်အားခကြိုယူ = ___________ |

**ရင်းမြစ်..ဥစ္စာခနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။**

**လေ့လာတွေ့ရှိချက်။** ။ ညောင်ပင်ကြီးကျေးရွာ တွင် **(၃) လအောက် ဝမ်းစာဖူလုံသည့် အိမ်ထောင်စုမှာ (၂၀%)** ရှိကြောင်း တွေ့ရှိရပါသည်။ ၎င်းအိမ်ထောင်စုများသည် လုပ်အားခကြိုတင်ယူခြင်း၊ ချေးယူခြင်းဖြင့် ဝမ်းစာအတွက် ဖြေရှင်းကြပါသည်။

**(င-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ**

**ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ**

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက် | - | - | - |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | - | - | - |
| | အိမ်ထောင်စု အရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု | ၈ အိမ်ထောင်စု | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု | ၃ အိမ်ထောင်စု | | |
| အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | - | | |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ ညောင်ပင်ကြီးကျေးရွာ တွင်အိမ်ထောင်စုများသည် အရေးပါကိစ္စရပ်များတွင် တစ်ဦးနှင့် တစ်ဦး ဝိုင်းဝန်းကူညီကြပါသည်။

**(င-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ**

**ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ**

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့် လိုက်လျောညီထွေဖြစ်စေမည့် အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| | **သဘာဝဘေးအန္တရာယ်များ** | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁ | မြစ်ရေကြီးမှု | Â | | | Â | | |
| ၂ | လျှပ်တပြတ်ရေကြီးခြင်း | Â | | | Â | | |
| ၃ | မုန်တိုင်း | Â | | | Â | | |
| ၄ | ဆူနာမီ | Â | | | Â | | |
| ၅ | တိုင်ဖုန်းမုန်တိုင်း | Â | | | Â | | |
| ၆ | လေဆင်နှာမောင်း | Â | | | Â | | |
| ၇ | လျှော် | Â | | | Â | | |
| ၈ | အပူလှိုင်း | Â | | | Â | | |
| ၉ | စိုက်ပျိုးမြေများတွင်ရေငံဝင်ရောက်မှု | Â | | | Â | | |
| ၁၀ | အအေးလှိုင်း | Â | | | Â | | |
| ၁၁ | မိုးသီးကြွေကျမှု | Â | | | Â | | |
| ၁၂ | မိုးခေါင်းခြင်း | Â | | | Â | | |
| ၁၃ | တောမီးလောင်ခြင်း | Â | | | | Â | |
| ၁၄ | မြစ်ကမ်းပါးပြိုခြင်း | Â | | | Â | | |
| ၁၅ | ကမ်းရိုးတန်းတိုက်စားမှု | Â | | | Â | | |
| ၁၆ | မြေပြိုခြင်း | Â | | | Â | | |
| | **လူကြောင့်ဖြစ်တဲ့ဘေးအန္တရာယ်** | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁၇ | စာနပ်ရိက္ခာဖူလုံမှု | | Â | | | Â | |
| ၁၈ | သဘာဝအရင်းအမြစ်ရှားပါးမှု(မြေ၊ ရေ) | | Â | | | Â | |
| ၁၉ | မြေပြိုခြင်း၊ မြေဆီလွှာပျက်စီးခြင်း | | Â | | Â | | |
| ၂၀ | သစ်တောပြုန်းတီးခြင်း | | Â | | Â | | |
| ၂၁ | ငှက်ဖျားရောဂါ | Â | | | | Â | |
| ၂၂ | တီဘီရောဂါ | Â | | | | Â | |
| ၂၃ | ကိုယ်ခံအားကျဆင်းမှုရောဂါ | Â | | | Â | | |
| ၂၄ | ကပ်ရောဂါ | | Â | | | Â | |
| ၂၅ | ပြည်တွင်းပဋိပက္ခ | Â | | | Â | | |

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျှော့နည်းရေးနှင့် လိုက်လျောညီထွေဖြစ်စေမည့် အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| ၂၆ | တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု | | Â | | | Â | |
| ၂၇ | လူကုန်ကူးခြင်း | Â | | | | Â | |
| ၂၈ | ဝေးလံခေါင်သီ/ လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်းစသည် | Â | | | | Â | |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ ညောင်ပင်ကြီးကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြသော်လည်း စိုက်ပျိုးရေအဖြစ် ဆည်ရေကိုသာ သုံးစွဲရသဖြင့် စားနပ်ရိက္ခာဖူလုံမှုရှိပါသည်။ ရာသီးကူးပြောင်းချိန်များတွင် ခွာနာ၊ လျှာနာရောဂါစသည့် တိရိစ္ဆာန်ရောဂါများဖြစ်ပွားလေ့ရှိပြီး ကြက်၊ ဝက်တုပ်ကွေးရောဂါများ ဖြစ်ပွားမှု အနည်းငယ်တွေ့ရှိရပါသည်။ ကျေးရွာတွင် လူကုန်ကူးမှုမရှိပါ။

## (င-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

**ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ**

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျှော့နည်းရေးနှင့် လိုက်လျောညီထွေဖြစ်စေမည့် အစီအမံများ | | |
|---|---|---|---|---|---|---|---|
| | သဘာဝဘေးအန္တရာယ် | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁ | လူငယ် | | Â | | Â | | |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | | Â | | Â | | |
| ၃ | ဆင်းရဲသားတောင်သူ | | Â | | Â | | |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင် စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ | Â | | | Â | | |
| ၅ | ပင်လယ်/ မြစ်ကမ်းဘေး နေထိုင်သူများ | | | | | | |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ | Â | | | Â | | |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP) | Â | | | Â | | |

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျှော့နည်းရေးနှင့် လိုက်လျောညီထွေဖြစ်စေမည့် အစီအမံများ | | |
|---|---|---|---|---|---|---|---|
| ၈ | မြေနိမ့်ပိုင်း နေထိုင်သူများ | Â | | | Â | | |
| ၉ | ငါးကန်ပိုင်ရှင်များ | Â | | | Â | | |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်းများ | | | Â | | Â | |
| ၁၁ | လူနည်းစုလူမျိုးများ | Â | | | Â | | |
| ၁၂ | ဒေသတွင်းပဋိပက္ခ ဇရိယာတွင် နေထိုင်သူများ | Â | | | Â | | |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | Â | | | Â | | |
| ၁၄ | ရွှေတွင်းလုပ်သားများ | Â | | | Â | | |
| ၁၅ | လှည့်လည်သွားလာ၍ ဈေးရောင်းသူများ | | Â | | | Â | |
| ၁၆ | နေရပ်ပြန်အခြေချသူများ | Â | | | Â | | |
| ၁၇ | လှည့်လည်သွားလာ၍ ဈေးရောင်းသူများ | Â | | | Â | | |
| ၁၈ | နေရပ်ပြန် အခြေချသူများ | Â | | | Â | | |
| ၁၉ | ရွှေ့ပြောင်းလုပ်သားများ | Â | | | Â | | |
| ၂၀ | ကားမောင်းပြီး အသက်မွေးသူများ | | Â | | | Â | |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ ညောင်ပင်ကြီးကျေးရွာတွင် ထိခိုက်သက်ရောက်လွယ်ခံရနိုင်သော လူအုပ်စုများ၊ လူငယ်၊ အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စုလက်လုပ်လက်စားကျပန်းလုပ်ကိုင်သူများနှင့် ကားမောင်းပြီး အသက်မွေးသူများသည် မိသားစုအတွက် အဓိကလုပ်ကိုင်နေရသောကြောင့် လုပ်ငန်းခွင်တွင် ထိခိုက်ခြင်း၊ ဆိုင်ကယ်အသုံးပြုသောသူများနှင့် ကားမောင်းသောသူများသည် မတော်တဆဖြစ်နိုင်ခြေများသောကြောင့် ထိခိုက်လွယ်မှုမြင့်သည်။

**(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ**

**(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ**

**(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ**

**ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ**

| စဉ် | အဖွဲ့အစည်း | အမျိုးအစား | အဖွဲ့ဝင်ဦးရေ | လုပ်ငန်းတာဝန် | စွမ်းဆောင် |
|---|---|---|---|---|---|

| | အမည် | (မှန်ရာတစ်ခု ကိုသာ ရွေးရန်) | ကျား | မ | ပေါင်း | (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | နိုင်မှု (မှန်ရာတစ် ခု ကိုသာ ရွေးရန်) |
|---|---|---|---|---|---|---|---|
| ၁ | ဘာသာရေး အဖွဲ့ | ၁✓ ၂☐ ၃☐ | ၃ | ၃ | ၆ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ✓<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း ☐<br>သင့် ✓<br>ညံ့ ☐ |
| ၂ | လူငယ်အဖွဲ့ | ၁ ☐ ၂✓ ၃☐ | ၅ | | ၅ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ✓ | ကောင်း ☐<br>သင့် ✓<br>ညံ့ ☐ |
| ၃ | ပရဟိတအဖွဲ့ | ၁☐ ☐၂ ၃✓ | ၅ | ၃ | ၈ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း ✓<br>သင့် ☐<br>ညံ့ ☐ |
| ၄ | အမျိုးသမီး ရေးရာအဖွဲ့ | ၁☐ ၂☐ ၃☐ | | ၁၅ | ၁၅ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ |
| ၅ | ရပ်မိရပ်ဖအ ဖွဲ့ | ၁✓ ၂☐ ၃☐ | ၅ | ၃ | ၈ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း ✓<br>သင့် ☐<br>ညံ့ ☐ |
| ၆ | ရေကော်မတီ အဖွဲ့ | ၁✓ ၂☐ ၃☐ | ၅ | | ၅ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း ☐<br>သင့် ✓<br>ညံ့ ☐ |
| ၇ | မီးကော်မတီ အဖွဲ့ | ၁✓ ၂☐ ၃☐ | ၆ | ၁ | ၇ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း ☐<br>သင့် ✓<br>ညံ့ ☐ |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။**

**အုပ်စုအမျိုးအစား**

(၁) **စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။**

(၂) **လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။**

(၃) **ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။**

**လေ့လာတွေ့ရှိချက်။ ။ ညောင်ပင်ကြီးကျေးရွာတွင် လူမှုအခြေပြုအဖွဲ့အစည်း (၅) ဖွဲ့ရှိပြီး ၎င်းအဖွဲ့အစည်း အားလုံး၏ စွမ်းဆောင်မှုသည် အသင့်အတင့်ရှိကြောင်းတွေ့ရှိရပါသည်။**

## (က-၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

| စဉ် | အမည် | အဖွဲ့အစည်း အမျိုးအစား (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) | အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်) |
|---|---|---|---|
| ၁ | ကျေးလက်လမ်းဖွံ့ဖြိုးရေး | ၁✓ ၂☐ ၃ ☐ ၄☐ ၅☐ ၆☐ ၇☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ✓ |
| ၂ | လဝက | ၁✓ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး☐ ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ✓ |
| ၃ | ဆေးရုံ | ၁✓ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး✓ ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐ |
| ၄ | EPC | ၁✓ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး☐ ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ✓ |
| ၅ | ကျန်းမာရေး | ၁✓ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး✓ ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐ |
| ၆ | စိုက်ပျိုးရေး | ၁✓ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး☐ ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ✓<br>သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐ |
| ၇ | မြေစာရင်း | ၁✓ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး☐ ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ✓ |

| စဉ် | အမည် | အဖွဲ့အစည်း အမျိုးအစား (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) | အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်) |
|---|---|---|---|
| | | | သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐ |

**ရင်းမြစ်** … **ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။ ညောင်ပင်ကြီးကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်း များနှင့် ချိတ်ဆက်မှု အနည်းငယ်သာရှိပါသည်။ ပြည်တွင်းပြည်ပအဖွဲ့များနှင့် ဆက်စပ်မှု မရှိဘဲ အားနည်း သည်ကို လေ့လာတွေ့ရှိရပါသည်။**

**(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**

**(ခ-၁) သီးနှံထုတ်လုပ်ရေး**

**(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု**

ဇယား (၁၃) ကျေးရွာ၏**စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု**

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စုအရေအတွက် | အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စုအရေအတွက် | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၉၂ | ၁၈ | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ ဧကအောက် | ၃ | | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ ဧကမှ ၅ ဧက ကြား | ၅ | | တောင်သူငယ် |
| ၄ | ၅ ဧကမှ ၁၂.၅ ဧက ကြား | ၃ | | တောင်သူလတ် |
| ၅ | ၁၂.၅ ဧက အထက် | | | တောင်သူကြီး |
| ကျေးရွာရှိအိမ်ထောင်စုစုစုပေါင်း | | ၁၀၃ | ၁၈ | |

**ရင်းမြစ်** … **(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**လေ့လာတွေ့ရှိချက်။ ။** ညောင်ပင်ကြီးကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စု **(၈၉)** ရာခိုင်နှုန်းရှိပြီး မြေယာရှိအိမ်ထောင်စုမှာ **(၁၁)**ရာခိုင်နှုန်း စိုက်ပျိုးမြေများတွင် နေ့စားအငှားလိုက်ခြင်း၊ ကျပန်းလုပ်ငန်းများတွင် နေ့စားအငှားလုပ်ကိုင်ခြင်းနှင့်အရောင်းအဝယ်လုပ်ငန်းများလည်းလုပ်ကိုင်လျက်ရှိကြောင်း တွေ့ရှိရပါသည်။

**(၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ**

**ဇယား** (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် **ရေသွင်းဧရိယာ**

| စဉ် | အရင်းအမြစ် | ရေသောက် | ရေရရှိနိုင်မှု |
|---|---|---|---|

| | | (ဧက) | **တစ်နှစ်ပတ်လုံး/ ရာသီအလိုက်** (မှန်ရာ တစ်ခုကိုသာရွေးရန်) | **လုံလောက်မှု (ရှိ/မရှိ)** (မှန်ရာတစ်ခုကိုသာ ရွေးရန်) | **လွန်ခဲ့သော(၁၀) နှစ်ကအခြေအနေ** (**မှန်ရာတစ်ခုကိုသာရွေးရန်**) |
|---|---|---|---|---|---|
| ၁ | **ဆည်** | - | **တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်✓ မဖြေဆိုပါ☐** | **ရှိ☐မရှိ✓ မဖြေဆိုပါ☐** | **လျော့☐တိုး☐ အပြောင်းအလဲမရှိ✓** |
| ၂ | **ရေလွှဲဆည်** | - | **တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐** | **ရှိ☐ မရှိ☐ မဖြေဆိုပါ☐** | **လျော့☐တိုး☐ အပြောင်းအလဲမရှိ☐** |
| ၃ | **မြစ်ရေတင် စီမံကိန်း** | - | **တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐** | **ရှိ☐ မရှိ☐ မဖြေဆိုပါ☐** | **လျော့☐တိုး☐ အပြောင်းအလဲမရှိ☐** |
| ၄ | **ရေသွင်းမြောင်း** | - | **တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐** | **ရှိ☐ မရှိ☐ မဖြေဆိုပါ☐** | **လျော့☐တိုး☐ အပြောင်းအလဲမရှိ☐** |
| ၅ | **အဝီစိတွင်း** | ၄၂ | **တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်✓ မဖြေဆိုပါ☐** | **ရှိ✓ မရှိ☐ မဖြေဆိုပါ☐** | **လျော့☐တိုး☐ အပြောင်းအလဲမရှိ✓** |
| ၆ | **လက်ငင် ရေတွင်း** | | **တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐** | **ရှိ☐ မရှိ☐ မဖြေဆိုပါ☐** | **လျော့☐တိုး☐ အပြောင်းအလဲမရှိ☐** |
| ၇ | **စိမ့်စမ်းရေ** | - | **တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐** | **ရှိ☐ မရှိ☐ မဖြေဆိုပါ☐** | **လျော့☐တိုး☐ အပြောင်းအလဲမရှိ☐** |
| ၈ | **ချောင်းရေ** | - | **တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐** | **ရှိ☐ မရှိ☐ မဖြေဆိုပါ☐** | **လျော့☐တိုး☐ အပြောင်းအလဲမရှိ☐** |
| ၉ | မိုးရေ | ၂၇ | **တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်✓ မဖြေဆိုပါ☐** | **ရှိ☐ မရှိ☐ မဖြေဆိုပါ✓** | **လျော့☐တိုး☐ အပြောင်းအလဲမရှိ✓** |

**ရင်းမြစ်** ... (၁) **ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊** (၂) **ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန။**

**လေ့လာတွေ့ရှိချက်။ ။ ညောင်ပင်ကြီးကျေးရွာတွင် လယ်စိုက်ပျိုးရေးတွင်မိုးရေကို အဓိကထား၍** စိုက်ပျိုးကြပြီး၊ယာမြေသီးနှံအတွက် အဝီစိတွင်းများမှရေဖြင့်**ရေသွင်း စိုက်ပျိုးရေးကို လုပ်ကိုင်ကြပါသည်။**

**(၃) အဓိကသီးနှံများနှင့် အထွက်နှုန်း**

**ဇယား** (၁၅) **အဓိကသီးနှံများနှင့် အထွက်နှုန်း**

| သီးနှံ | စုစုပေါင်း စိုက်ဧက | တစ်ဧက အထွက်နှုန်း | | | | သီးနှံစိုက်ပျိုးသည့်ကာလ | | သွင်းအားစု လိုအပ်ချက် (မှန်ရာတစ်ခုကိုသာရွေးရန်) | အမြတ်ရရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | ထိခိုက်လွယ်မှု (မှန်ရာ တစ်ခုကို သာရွေးရန်) |
|---|---|---|---|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျမ်းမျှ | မှ | ထိ | | | |
| စပါး | ၂၇ | တင်း | ၅၀ | ၇၀ | ၆၀ | ဝါဆို | တန်ဆောင်မုန်း | မြင့်□ လတ် □နိမ့်✓ | မြင့်□ လတ်□ နိမ့်✓ | မြင့်□ လတ်□ နိမ့်✓ |
| ပဲ | ၄ | တင်း | ၈ | ၁၅ | ၁၀ | တန်ဆောင်မုန်း | တပေါင်းလ | မြင့်□ လတ်✓ နိမ့်□ | မြင့်□ လတ်✓ နိမ့်□ | မြင့်□ လတ်✓ နိမ့်□ |
| နှမ်း | | | | | | | | မြင့်□ လတ်□ နိမ့်□ | မြင့်□ လတ်□ နိမ့်□ | မြင့်□ လတ်□ နိမ့်□ |
| ငှက်ပျော | | | | | | | | မြင့်□လတ်□နိမ့်□ | မြင့်□ လတ်□ နိမ့်□ | မြင□လတ်□ နိမ့်□ |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ညောင်ပင်ကြီးကျေးရွာတွင် အဓိကစိုက်ပျိုးသော သီးနှံစပါး၊ ပဲ၊ တို့ စိုက်ပျိုးကြပါသည်။ အဓိကသီးနှံစိုက်ပျိုးရာတွင် အသင့်အတင့်ထွက်ရှိသော်လည်း သွင်းအားစု မြင့်မားပြီး ရောင်းချရာတွင် ဈေးကွက်မတည်ငြိမ်မှုကြောင့် အမြတ်ရရှိမှု နည်းပါးသည်။

**(၄) လယ်ယာသုံး စက်ကိရိယာများ**

**ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု**

| စက်အမျိုးအစား | တစ်ဦးချင်းပိုင် | ရွာပိုင် | အဖွဲ့ပိုင် | ငှားရမ်းလုပ်ကိုင်နေသော တောင်သူ အရေအတွက် |
|---|---|---|---|---|
| **ထွန်စက်** | – | – | – | ၄ |
| **လက်တွန်းထွန်စက်** | – | – | – | - |
| **အစေ့ချ ကိရိယာ** | – | – | – | - |
| **ရိတ်သိမ်းခြွေလှေ့စက်** | - | – | – | ၄ |
| **ရိတ်သိမ်းစက်** | – | – | – | - |
| ခြွေလှေ့စက် | - | – | – | – |
| ရေစုပ်စက် | ၉ | – | – | - |
| ခြေနင်းရေတင်စက် | ၁ | – | – | – |
| **မြက်ရိတ်စက်** | ၁ | – | – | – |

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။

**လေ့လာတွေ့ရှိချက်။ ။ ညောင်ပင်ကြီးကျေးရွာတွင် လယ်ယာသုံးစက်ကိရိယာ ပိုင်ဆိုင်မှုမရှိသောကြောင့် ငှားရမ်းသုံးစွဲရပါသည်။**

## (၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

**ဇယား** (၁၇) **သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ**

| **အခွင့်အလမ်း** | **ဖော်ပြချက်/ရှင်းလင်းချက်**<br>(မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက်စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကိုရွေးရန်။) |
|---|---|
| သဘာဝ ရေမြေရာသီဥတု အနေအထား | **အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ✓** |
| လယ်ယာမြေ အသုံးချနိုင်မှု | **အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ✓** |
| စိုက်ပျိုးရေ အရင်းအမြစ် | **ပေါများ ☐ အသင့်အတင့်ရှိ✓** |
| ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု | **အလွယ်တကူရသည် ☐ ရသည် ✓** |
| သီးနှံမျိုးစေ့ ရရှိနိုင်မှု | **မျိုးကောင်းမျိုးသန့်များကို လွယ်ကူစွာ ဝယ်ယူနိုင်သည် ☐**<br>**သီးနှံမျိုးစေ့များ ဝယ်ယူရရှိနိုင်သည် ✓** |
| သဘာဝမြေဆွေး / အော်ဂဲနစ် မြေသြဇာ နှင့် အခြား အော်ဂဲနစ် သွင်းအားစုများ | **လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ ဝယ်ယူရနိုင်သည် ✓** |
| ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေသြဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ | **လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ ဝယ်ယူရနိုင်သည် ✓** |
| လုပ်သားရရှိနိုင်မှု | **အလွယ်တကူ ရနိုင်သည်☐ ရနိုင်သည် ✓** |
| နည်းပညာ၊ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ | **အလွယ်တကူ ရနိုင်သည်☐ ရနိုင်သည်✓** |
| သီးနှံဈေးကွက်နှင့် ကုန်သွယ်မှု | **သီးနှံများကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်သည် ✓ သီးနှံများကို ရောင်းချနိုင်သည် ☐** |
| ရာသီဥတုအခြေအနေပြောင်းလဲမှု (အပူချိန်၊ မိုးရေချိန်) | **ထိခိုက်သည်✓ မထိခိုက်ပါ☐ မဖြေဆိုပါ☐** |

**ရင်းမြစ်** … (၁)**ဦးတည်အုပ်စုဆွေးနွေးခြင်း- လယ်သမားအုပ်စု၊** (၂) **သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။**

**လေ့လာတွေ့ရှိချက်။ ။ ညောင်ပင်ကြီး**ကျေးရွာတွင် သဘာဝရေမြေရာသီဥတုအနေအထားမှာ အသင့်အတင့်ရှိကြောင်းတွေ့ရှိရပါသည်။ သီးနှံမျိုးစေ့များ ဓါတုပိုးသတ်ဆေး၊ ဓါတ်မြေသြဇာနှင့် အခြားဓါတုဗေဒသွင်းအားစုများ ဝယ်ယူရရှိနိုင်ပါသည်။ သီးနှံဈေးကွက်နှင့် ကုန်သွယ်မှုတွင် သီးနှံများကို ရောင်းချနိုင်ပါသည်။

## (၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

**ဇယား** (၁၈) **သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ**

| ပြဿနာနှင့် အခက်အခဲများ | ဖော်ပြချက်/ရှင်းလင်းချက် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက “မဖြေဆိုပါ” ဟူသော အကွက်ကို ရွေးရန်။) |
|---|---|
| သဘာဝရေမြေရာသီဥတုအနေအထား | **မြေဆီသြဇာမကောင်း☐ ရာသီဥတုမမှန်✓မဖြေဆိုပါ☐** |
| လယ်ယာမြေအသုံးချနိုင်မှု | **လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ ☐**<br>**လယ်ယာမြေဆုံးရှုံးမှုများသည် ☐**<br>**လယ်ယာမြေဆုံးရှုံးမှု အသင့်အတင့်ရှိသည် ✓**<br>**ပလပ်မြေများရှိသည် ☐**<br>**ပလပ်မြေအသင့်အတင့်ရှိသည် ☐** |
